## ပြည်တွင်းအခွန်များဦးစီးဌာန၏ အသိပေးကြေညာချက်

## "အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် တာဝန်ယူဆောင်ရွက်ရမည့် အခွန်ထမ်းများ သတ်မှတ်ခြင်း" (၂/၂၀၁၇)

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများအပေါ် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့်အတူ အခွန်ထမ်းများအား နှစ်စဉ် ရောင်းရငွေအပေါ် မူတည်လျက် အလွှာခွဲ၍ စည်းကြပ်ရာရုံးဌာန ခွဲခြားသတ်မှတ်ခြင်းကိုလည်း စည်းမျဉ်းများသတ်မှတ်၍ စနစ်တကျ ကျင့်သုံးလျက်ရှိပါသည်။ ယင်းသို့အလွှာခွဲ၍ စည်းကြပ်ရာ ရုံးဌာန ခွဲခြား သတ်မှတ်ခြင်းကြောင့် အခွန်ထမ်းအလွှာများအလိုက် တာဝန်ယူ စည်းကြပ်ရမည့် အခွန်ရုံးများ ကွဲပြားသွားပြီး အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်တွင် မိမိသဘောဆန္ဒ အလျောက် အခွန်ပေးဆောင်လိုစိတ်များ ပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။

၂။ အဆိုပါရုံးဌာနများသို့ အခွန်ထမ်းများခွဲဝေနေရာချထားသည့် အခြေခံအချက်များနှင့် စံနှုန်း များကို သတ်မှတ်အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ **အခွန်ထမ်းများရွေးချယ်နေရာချထားမှု အခြေခံ အချက်များနှင့် စံနှုန်းများအား နှစ်စဉ် ညွှန်ကြားရေးမှူးချုပ်မှ သတ်မှတ်သွားမည်ဖြစ်ပြီး အခွန်ထမ်း ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်တွင် စည်းကြပ်မှုခံယူခဲ့သည့် ကုမ္ပဏီများအား အခွန်ထမ်း ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်(SAS)ကျင့်သုံးလျက်ရှိသည့် အခွန်ရုံးများတွင်သာ လိုအပ် သလိုပြောင်းလဲ၍ စည်းကြပ်မှုခံယူစေမည်ဖြစ်ပါသည်။**

၃။ ပထမဦးစွာ မြန်မာနိုင်ငံရှိ မှတ်ပုံတင်ထားသောအခွန်ထမ်းများ၏ ၂၀၁၅ **စည်းကြပ်နှစ် အတွင်း** ရောင်းရငွေစုစုပေါင်းကို စာရင်းပြုစုခဲ့ပါသည်။ ထိုစာရင်းကို အခြေပြု၍ နိုင်ငံ၏အကြီးဆုံး စီးပွားရေးလုပ်ငန်းများအား လုပ်ကိုင်လျက်ရှိသည့် အခွန်ထမ်းများကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများသို့ အောက်ပါအတိုင်း ခွဲဝေနေရာ ချထားပါသည်-

### (က) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးအနေဖြင့် ရောင်းရငွေ/ဝင်ငွေအများဆုံးရရှိသည့် အခွန်ထမ်း(၇၁၁)ဦး အား တာဝန်ယူစည်းကြပ်ရပါမည်။ သို့သော်လည်း လုပ်ငန်းအခြေအနေ

များအရ အောက်ဖော်ပြပါ အခွန်ထမ်းများအားလုံးအား အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး တစ်ရုံးတည်းမှသာ တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါသည် -

(၁) ပြည်တွင်း၊ ပြည်ပ(နိုင်ငံအတွင်းလုပ်ငန်းခွဲရှိသည့်) လေကြောင်းလိုင်းများ၊

(၂) ပြည်တွင်း၊ ပြည်ပ (နိုင်ငံအတွင်းလုပ်ငန်းခွဲရှိသည့်) ဘဏ်လုပ်ငန်းများ၊

(၃) ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်သူများ၊

(၄) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ [Stock Exchange တွင် စတော့ရှယ်ယာများ ရောင်းဝယ်ရန်အတွက် ကြားခံဆောင်ရွက်ပေးသည့် စတော့ပွဲစားလုပ်ငန်း(Brokerage) လုပ်ကိုင်သည့်ကုမ္ပဏီများ]

(၅) တယ်လီဖုန်းအော်ပရေတာကုမ္ပဏီများ၊

(၆) သီလဝါစက်မှုဇုံအတွင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ကုမ္ပဏီများ၊

(၇) ညွှန်ကြားရေးမှူးချုပ်မှ အခါအားလျော်စွာသတ်မှတ်ပေးသည့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၊

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်မှ အခါအားလျော်စွာ တာဝန်ပေးအပ်သော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် သင့်လျော်သည့် အခွန်ထမ်းများအားလည်း တာဝန်ယူစည်းကြပ်ရမည် ဖြစ်သည်။

**(ခ) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ**

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး- ၁** အနေဖြင့် နှစ်အလိုက်ရောင်းရငွေ/ဝင်ငွေ ဒုတိယအများဆုံးရရှိသည့် ကုမ္ပဏီအခွန်ထမ်း (၇၀၀) အား တာဝန်ယူစည်းကြပ်ရပါမည်။

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး- ၂** အနေဖြင့် နှစ်အလိုက်ရောင်းရငွေ/ဝင်ငွေ တတိယအများဆုံးရရှိသည့် ကုမ္ပဏီအခွန်ထမ်း(၁၂၀၀) အား တာဝန်ယူစည်းကြပ်ရပါမည်။

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး- ၃** အနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး- ၁ နှင့် ၂ တို့မှ စီမံခန့်ခွဲခြင်းမရှိသော ကုမ္ပဏီအခွန်ထမ်းများနှင့် ကုမ္ပဏီသစ်များကို တာဝန်ယူစည်းကြပ်ရပါမည်။

၄။ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (SAS) ဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတွင် စည်းကြပ်မှုခံယူနေသော အခွန်ထမ်းတစ်ဦးသည် မိမိဆန္ဒအလျောက် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့ ပြောင်းရွှေ့စည်းကြပ်မှုခံယူရန် တောင်းဆိုလာပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးများမှ တစ်ဆင့်တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချမှတ်ပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ရာတွင် **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး - ၁** တွင် အခွန်ထမ်း (၇၀၀) ဦး၊ **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး - ၂** တွင် အခွန်ထမ်း (၁၂၀၀) ဦးစီသာ စည်းကြပ်ခံယူနိုင်ရေးအတွက် သတ်မှတ်ချက်များအား အခါအားလျော်စွာ ပြန်လည်သတ်မှတ်သွားမည်ဖြစ်ပါသည်။